# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ၂၀ ရက်မြောက်နေ့ အစီအစဉ်
# [ ၄–၃–၂၀၁၄ ] (အင်္ဂါနေ့) နံနက် ၁၀၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်များ အဖြစ်မှ နုတ်ထွက်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဇော်ဝင်းအောင်၊ မြင်းမူ မဲဆန္ဒနယ်(ကိုယ်စား) ဦးကျော်ညွှန့်၊ ကျွန်းလှ မဲဆန္ဒနယ်၏ **မြင်းမူမြို့ ဆိပ်ကမ်းအား အဆင့်မီ ဆိပ်ကမ်းကောင်း တစ်ခု တည်ဆောက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ **ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသတွင်းနေ ရေယာဉ်ပိုင်ရှင်များအားလုံး ရေယာဉ်သက်တမ်း တိုးမြှင့်ပေးခြင်း၊ ရေယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်း၊ ဥပဒေများ ညီညွတ်မျှတစွာ ထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်(ကိုယ်စား) ဒေါက်တာစိုးသူရ ကျုံပျော် မဲဆန္ဒနယ်၏ **ရေကြည်မြို့နယ်၊ ကုန်းပြင်ကျေးရွာနှင့် ရွာသစ်ကြီးကျေးရွာသို့ ဆက်သွယ်သော ရေနောက်ဝ (ရွာသစ်ကြီး) သစ်သားတံတားအား ပြန်လည်ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ**နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်၊ ယင်းမာပင် ကျေးရွာ ပြည်သူများ သောက်ရေ၊ သုံးရေ ပြည့်စုံဖူလုံစွာ ရရှိရေးအတွက် တံခွန်တိုင် ချောင်းအား ပိတ်ဆို့ပြီး ပိုက်များဖြင့် သွယ်တန်း၍ ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအေးနိုင်၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **တစ်နိုင်ငံလုံးတွင်ရှိသော ကျေးရွာပေါင်း (၆၄၀၀၀)ကျော်မှ ကျေးရွာအတွင်း ကျဉ်းမြောင်းကောက်ကွေ့ နေသောလမ်းများအား တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၇။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း။

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"လမ်းနှင့် တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ၂၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။